## နော်ဝေနိုင်ငံ ဒုက္ခသည်များဆိုင်ရာကောင်စီ ဆိုသည်မှာ မည်သူတို့ ဖြစ်ပါသလဲ။

## မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းတွင် ၎င်းတို့က မည်သည့်လုပ်ငန်းများ လုပ်ဆောင်ပေးနေပါသလဲ။

### နောက်ခံအကြောင်း

နော်ဝေနိုင်ငံ ဒုက္ခသည်များဆိုင်ရာကောင်စီ (NRC) မှာ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်း (NGO) တစ်ခု ဖြစ်ပါသည်။ မြန်မာနိုင်ငံ၌ နာဂစ် ဆိုင်ကလုန်း တိုက်ခတ်ပြီးသည့်နောက် ကူညီဆောင်ရွက်ပေးရန် ၂၀၀၈ ခုနှစ် အောက်တိုဘာလတွင် စတင်ရောက်ရှိလာခဲ့ခြင်း ဖြစ်ပါသည်။ ထိုနောက်ပိုင်း၌ NRC သည် မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းရှိ ကရင်၊ ကယား (ကရင်နီ)၊ တနင်္သာရီ၊ မွန် နှင့် ရှမ်းပြည်နယ် တောင်ပိုင်းတို့တွင် ပဋိပက္ခကြောင့် ထိခိုက်ခံစားရသော ပြည်သူလူထုအား ကူညီပေးရန်အတွက် စီမံချက်များ ဆောင်ရွက်နေပါသည်။

### လုပ်ငန်းများ

NRC သည် လက်ရှိကာလ၌ အဓိက လုပ်ငန်းကဏ္ဍ ၃ ခု ကို ဆောင်ရွက်လျက် ရှိပါသည်။

### ၁။ နေထိုင်စရာ အဆောက်အဦ နှင့် ကျောင်းများ ဆောက်လုပ်ခြင်း



တနင်္သာရီဒေသတွင် NRC မှ ဆောက်လုပ်ပေးသော နေထိုင်စရာ အဆောက်အဦ

NRC ၏ နေထိုင်စရာ အဆောက်အဦ စီမံချက်မှာ ပြည်တွင်း နေရပ်စွန့်ခွာနေထိုင်ရသူများ၊ ပဋိပက္ခကြောင့် ထိခိုက်ခံစားရသူများ နှင့် နေရပ်သို့ ပြန်လာသော နေရပ်စွန့်ခွာခဲ့သူများ အပါအဝင် အထူးသဖြင့် ထိခိုက်လွယ်သူများအတွက် ရေရှည်ခံသော နေထိုင်စရာများ ပေးအပ်ပါသည်။ နေထိုင်စရာ အဆောက်အဦ စီမံချက်တွင် ၄က်ဖျားနှင့် အခြားရောဂါများ ဖြစ်ပွားမှုကို လျော့ချနိုင်ရန်အတွက် အိမ်သာ၊ စိတ်ချရသော သောက်သုံးရေ နှင့် စနစ်ကျသော အမှိုက်စွန့်ပစ်စနစ်များကိုလည်း ထည့်သွင်း ဆောင်ရွက်ပေးသည်။ အကျိုးကျေးဇူးခံစားရသူများသည် နေရောင်ခြည်စွမ်းအင်သုံး မီးထွန်းစရာများ၊ ခြင်ထောင်များနှင့် ရေစစ်ကိရိယာများကိုလည်း ရရှိသည်။ စီမံချက်သည် လူထုနှင့်ဆိုင်သော အဆောက်အဦများ၊ တံတားများ၊ လမ်းများကိုလည်း တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ပေးခြင်းဖြင့် ပြည်သူများအနေနှင့် အခြေခံဝန်ဆောင်မှုများဖြစ်သည့် ကျန်းမာရေး၊ ပညာရေးတို့နှင့်တကွ အလုပ်နှင့် အသက်မွေးမှုတို့အတွက် ဥပမာ ဈေးများဆီသို့ လက်လှမ်းမီ ရောက်ရှိနိုင်စေသည်။ စီမံချက်သည် လူထုသစ်တောစိုက်ခင်းများ နှင့် သစ်တောပြန်လည်စိုက်ပျိုးခြင်း နည်းလမ်း များဖြင့် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးမှုအား လျော့နည်းစေရန် ဆောင်ရွက်သည်။ NRC သည် နေထိုင်စရာအဆောက်အဦ စီမံချက်ကို ၂၀၁၀ခုနှစ်တွင် စတင်ခဲ့သည့်အချိန်မှစ၍ ထိခိုက်လွယ်မှု သတ်မှတ်ချက်အရ ပြည်တွင်းနေရပ်စွန့်ခွာနေထိုင်ရသူများနှင့် အိမ်ရှင်လူထုအတွက်သာ အကူအညီများ ပေးအပ်နေသည်။ ယခုအချိန်အထိ NRC သည် ပြန်လည်ဝင်ရောက်လာမည့် နယ်စပ်ဖြတ်ကျော် ဒုက္ခသည်များအတွက် (ပြန်လည် နေရာချထားပေးရေး နေရာများ၌) အဆောက်အဦ ဆောက်လုပ်မှုတွင် NRC တစ်ဖွဲ့တည်း ဖြစ်စေ၊ အခြားအဖွဲ့များနှင့် တွဲဖက်၍ဖြစ်စေ ပါဝင် ဆောင်ရွက်နေခြင်း မရှိသေးပါ။

NRC သည် ကလေးပျော် မူလတန်းကျောင်း အသစ်များကိုလည်း ဆောက်လုပ်ပေးပါသည်။ ထိုကျောင်းများသည် ယခင်က ကျောင်းတက်နိုင်ရန် အခက်အခဲ ရှိခဲ့သူများအတွက် နေအိမ်နှင့် နီးသောနေရာတွင် ပညာရေးကို ရယူနိုင်စေသည်။ ကျောင်းဝန်းထဲတွင် ရေဘုံပိုင် သို့မဟုတ် ရေခပ်ရန်နေရာ၊ မိန်းကလေးနှင့် ယောကျာ်းလေးများအတွက် သီးခြားအိမ်သာများ နှင့် ပရိဘောဂများလည်း ထည့်သွင်းပေးသည်။ NRC သည် ကျောင်းသားများနှင့် ဆရာ ဆရာမများအတွက် ကျောင်းသုံးပစ္စည်းအစုံများ ကိုလည်း ပေးအပ်သည်။ အမြဲတမ်းအဆောက်အဦများကို အနှစ် ၅၀ ကျော် အထိ ခိုင်ခန့်သော သံကူကွန်ကရစ်ဖြင့် ဆောက်လုပ်သည်။ ထိုအဆောက်အဦးများသည် သဘာဝဘေးအန္တရာယ်များ ကျရောက်ပါက လူထုအတွက် ကာကွယ်မှု ပေးနိုင်သည်။ ထိုကျောင်းများသည် လူထုအား အမိန့်ပေး လူစုဆောင်း၍ လုပ်အားပေးစေခြင်းမှလည်း ကူညီကာကွယ်ပေးပါသည်။


mm.crossborder.info@nrc.no

Tel: +95 (0)99 733 69516

NRC ၏ နေထိုင်စရာ အဆောက်အဦး လုပ်ငန်းများ စတင်စဉ်မှစ၍ အိမ်ထောင်စုပေါင်း ၁၃၀၀ ကျော်အတွက် နေထိုင်စရာများ ပံ့ပိုးပေးခဲ့ပြီး ကရင်၊ ကယားပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် ကျောင်းပေါင်း ၃၉ ကျောင်းကို ပြန်လည်တည်ဆောက် ပြုပြင်ပေးခဲ့ပြီးဖြစ်သည်။

## ၂။ အသက်မွေးဝမ်းကျောင်းနှင့် ဘ၀တွက်တာကျွမ်းကျင်မှုဆိုင်ရာ ပညာများသင်ကြားခြင်း

NRC သည် မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းတွင် ကရင်ပြည်နယ် ဖားအံမြို့နှင့် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့တို့၌ အသက်မွေးဝမ်းကျောင်းနှင့် ဘ၀တွက်တာ ပညာရပ်များ သင်ကြားပေးသည့် ဌာနနှစ်ခုကို ဖွင့်လှစ်ပေးခဲ့သည်။ ထိုဌာနများသည် အသက် ၁၆ နှစ်မှ ၂၅ နှစ်အတွင်းရှိ လူငယ်များကို အချုပ်အလုပ်၊ အစားအစာ တာရှည်ခံအောင် ပြုလုပ်နည်း၊ မော်တော်ဆိုင်ကယ် ပြုပြင်နည်းနှင့် နှစ်တို စိုက်ပျိုးရေးနည်းလမ်းများ စသည့် အသက်မွေးဝမ်းကျောင်း အလုပ်အကိုင်ဆိုင်ရာပညာများကို (၃) လကြာ သင်ကြားပေးသည်။ သင်တန်းသားအများစုသည် ကျောင်းကို မူလတန်းအရွယ်ကပင် စွန့်ခွာလာသူများ ဖြစ်ရာ စာရေးစာဖတ်နှင့် အတွက်အချက်သင်တန်းများလည်း ပေးသည်။ သင်တန်းတွင် ဘ၀တွက်တာ ကျွမ်းကျင်စရာများနှင့် အခြေခံ စီးပွားရေး အစီအစဉ်ဆွဲခြင်းများလည်း ပါဝင်သည်။

ဘ၀တွက်တာ ကျွမ်းကျင်စရာ သင်တန်းသည် လူငယ်များအတွက် ၎င်းတို့၏ လူမှုဘ၀နှင့် လုပ်ငန်းခွင်တို့တွင် ကြုံတွေ့ရနိုင်သည့် စိန်ခေါ်မှုများ အတွက် ပြင်ဆင်နိုင်ရန် ရည်ရွယ်သည်။ သင်တန်းပြီးသည့်အခါ သင်တန်းသားများသည် ဘ၀အတွက် ကောင်းသောရွေးချယ်မှုများကို ပြုလုပ်နိုင်လာပြီး မိမိ၏ရပ်ရွာတွင် ရေရှည်တည်တံ့၍ လုံခြုံစိတ်ချရသော နေထိုင်မှုအတွက် နည်းလမ်းများ ရှာဖွေနိုင်လာမည်။ သို့မဟုတ် အသိပညာ နှင့် ကျွမ်းကျင်မှု အသစ်များကို အသုံးပြု၍ အခြားရပ်ရွာတွင် အလုပ်အကိုင် အခွင့်အလမ်းများ ရှာဖွေနိုင်လာမည်။

ထို့ပြင် NRC ၏ ပညာရေး အစီအစဉ်များသည် ဖားအံနှင့် ထားဝယ်မြို့တို့တွင် လက်တွေ့သင်တန်း ရရှိရန် အခွင့်အလမ်းများလည်း ပေးသည်။ ၎င်းတို့မှာ ဘ၀တွက်တာ ကျွမ်းကျင်စရာ သင်တန်း၊ ဆောက်လုပ်ရေး အလုပ်သင်၊ အစားအစာ ပြုပြင်ထုတ်လုပ်မှု နှင့် အသေးစား စက်ပြင်ဆင် ထိမ်းသိမ်းမှု သင်တန်းများ ဖြစ်သည်။

၂၀၁၅ ခုနှစ်တွင် NRC သည် ကရင်ပြည်နယ်၌ NRC မှ ဆောက်လုပ်ပေးခဲ့သည့် ကျောင်းနှစ်ကျောင်းရှိ မူလတန်းပြ ဆရာ၊ ဆရာမများအတွက် ကျောင်းတွင်းလက်တွေ့ သင်ကြားရေးပညာရပ်ဆိုင်ရာ စွမ်းဆောင်ရည် မြှင့်တင်ရေးသင်တန်းကို စတင်ပါမည်။ အစီအစဉ်မှာ ထိုကျောင်းများမှ ကလေး အားလုံး အရည်အသွေးပြည့် ပညာသင်ကြားမှုကို ရရှိနိုင်ရန်အတွက် ဆရာ ဆရာမများနှင့်အတူ လုပ်ဆောင်ရန် ဖြစ်သည်။

၂၀၁၄ ခုနှစ် အတွင်းက ဖားအံနှင့် ထားဝယ် သင်တန်းဌာနများတွင် သင်တန်းသားပေါင်း ၄၆၈ ဦး (မ ၂၃၆ ဦး၊ ကျား ၂၃၂ ဦး) အောင်မြင်စွာ သင်ယူ ပြီးမြောက်ခဲ့ကြသည်။ ၂၀၁၅ ခုနှစ် အကုန်တွင် နောက်ထပ် သင်တန်းသား ၆၀၀ ကျော် တက်ရောက်ပြီးမြောက်ရန် မျှော်မှန်းထားသည်။

## ၃။ သတင်းအချက်အလက်ပေးခြင်း၊ ဆွေးနွေးအကြံပေးခြင်း နှင့် ဥပဒေရေးရာ အကူအညီပေးခြင်း (ICLA)



ကယားပြည်နယ်တွင် NRC ဝန်ထမ်းက မှတ်ပုံတင်ကဒ်ပြား လျှောက်ထားရန် နည်းလမ်းကို ရှင်းပြနေပုံ

၂၀၁၂ ခုနှစ် ဖွန်လ ကတည်းကပင် NRC သည် အရှေ့တောင်ပိုင်းရှိ ပဋိပက္ခကြောင့် ထိခိုက်ခံစားရသည့် ပြည်သူများအတွက် အမျိုးသား မှတ်ပုံတင်ကဒ်ပြား (ပန်းရောင်ကဒ်) များ ထုတ်ပေးရာတွင် လျှင်မြန်စေရန် မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနအား ပံ့ပိုးမှုများ ပေးနေသည်။ ထို နိုင်ငံသားစိစစ်ရေးကဒ်များသည် ပြည်သူများ၏ လွတ်လပ်စွာ သွားလာနိုင်ခွင့်၊ မဲပေးခွင့်၊ တက္ကသိုလ်ပညာ သင်ကြားခွင့် အပါအဝင် အခြေခံ လူ့အခွင့်အရေးများကို ခံစားရရှိစေနိုင်သည်။ ထို့ပြင် အရေးကြီးသော အစိုးရဝန်ဆောင်မှုများကိုလည်း ရရှိစေနိုင်ပြီး သူတို့၏ ပိုင်ဆိုင်ပစ္စည်းနှင့် မြေယာများကို မှတ်ပုံတင်ထားနိုင်စေသည်။ NRC သည် အစိုးရအား အရှေ့တောင်ပိုင်း အနှံ့အပြားရှိ ကျေးရွာများသို့ သွားရောက်နိုင်ရန်နှင့် လျှောက်ထားသူများအား မှတ်ပုံတင်ကဒ်ပြား နေ့ချင်းပြီး ထုတ်ပေးနိုင်ရန် အတွက် ကူညီပေးသည်။

ဧည့်နိုင်ငံသား (အပြာရောင်) နှင့် ပြု နိုင်ငံသား (အစိမ်း ရောင်) ကဒ်များ လျှောက်ထားရန် အကျုံးဝင်သူများသည် မြို့နယ် လူဝင်မှု ကြီးကြပ် ရေး နှင့် ပြည်သူ့အင်အား ဦးစီးဌာနများတွင် လျှောက်ထားနိုင်သည်။ NRC သည် အစိုးရအား အပြာရောင်၊ အစိမ်းရောင် နှင့် အဖြူရောင်ကဒ်များ ထုတ်ပေးရာတွင် ကူညီပေးနေခြင်း မရှိပါ။ မြန်မာနိုင်ငံတွင် နေရပ်ပြန် နယ်စပ်ဖြတ်ကျော် ဒုက္ခသည် များကို အသိအမှတ်ပြု တိုင်းရင်းသားလူမျိုး ၁၃၅ မျိုးတွင် ပါဝင်ပါက သို့မဟုတ် အိမ်ထောင်စုစာရင်း ရှိပါက ပန်းရောင်ကဒ်ကို ထုတ်ပေးနိုင်သည်။ မြန်မာနိုင်ငံတွင် လက်ရှိအချိန်၌ နယ်စပ်ဖြတ်ကျော် ဒုက္ခသည်များ သို့မဟုတ် နေရပ်ပြန်လာသူများ နိုင်ငံသားဖြစ်မှုဆိုင်ရာ အထောက်အထား ရရှိမှုအတွက် သီးသန့် အစီအစဉ် မရှိသေးပါ။ ထိုင်းနှင့် မြန်မာနိုင်ငံ အစိုးရများအကြား ဆွေးနွေးမှုများ

ပြုလုပ်နေပြီး တရားဝင် စနစ်တကျ ပြန်လည်ဝင်ရောက်မှု အစီအစဉ်များ မစတင်မီ နေရပ်ပြန်သူများအတွက် အထောက်အထား ထုတ်ပေးမည့် စနစ်တစ်ခု ရှိနေရန် သေချာစေရမည် ဖြစ်သည်။

NRC ၏ အထောက်အထား ရရှိစေရေး လုပ်ငန်းများ စတင်ခဲ့သည့် ၂၀၁၂ ခုနှစ်မှ ၂၀၁၄ နှစ်ကုန်အတွင်း အရှေ့တောင်ပိုင်း ဒေသတစ်ပှမ်းမှ ပြည်သူပေါင်း ၂၂၇၀၀၀ နီးပါးသည် ပန်းရောင်ကဒ်များ ရရှိခဲ့ကြသည်။ လက်ရှိအချိန်တွင် NRC သည် လာမည့် အထွေထွေရွေးကောက်ပွဲကြီး၌ အသက် ၁၈ နှစ် ပြည့်ပြီးသူတိုင်း မဲပေးနိုင်ရန်အတွက် ၂၀၁၅ ခုနှစ် ဇန်နဂါရီလမှ ဇူလိုင်လအတွင်း အရှေ့တောင်ပိုင်းဒေသရှိ ပို၍များသော နေရာများတွင် ကဒ်ပြားများ ထုတ်ပေးနိုင်ရန် အစိုးရအား ကူညီလျှက်ရှိသည်။

NRC သည် ၂၀၁၅ ခုနှစ် ဧပြီလမှစ၍ တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ်တွင် နေထိုင်စရာ အကူအညီများ ရရှိခဲ့သည့် မိသားစုများအတွက် နေထိုင်စရာ ကို တရားဝင်ရရှိရန် အခွင့်အရေး နှင့် ထိုဒေသတွင် အနာဂါတ်အတွက် အစီအစဉ်များ ပြုလုပ်နိုင်ကြစေရန် စီမံချက်အသစ်တစ်ခုကို စတင် ဆောင်ရွက်ပေးနေသည်။

၂၀၁၅ ခုနှစ် ဇန်နဂါရီလတွင် NRC သည် နယ်စပ်ဖြတ်ကျော် စီမံချက်တစ်ခုကို ကရင်ပြည်နယ်မှစတင်ခဲ့သည်။ ထိုစီမံချက်သည် ထိုင်းနိုင်ငံရောက် နယ်စပ်ဖြတ် ကျော် ဒုက္ခသည်များအား မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းတွင် ဖွံ့ဖြိုးတိုးတက်နေမှုများနှင့် ပတ်သက်သည့် သတင်းအချက်အလက်များကို လမ်း ကြောင်း အမျိုးမျိုး အသုံးပြု၍ ပေးနိုင်ရန်ဖြစ်သည်။ ထို သတင်းအချက်အလက်များမှာ ထိုင်းနိုင်ငံရောက် ဒုက္ခသည်များအား သူတို့၏ နေရင်းဇာတိ သို့မဟုတ် အခြား ပြန်လာနေနိုင်သည့်နေရာများ၏ အခြေအနေကို သိရှိနိုင်စေရန် ရည်ရွယ်ခြင်း ဖြစ်သည်။ ဤ လက်ကမ်းစာစောင်သည် ထို စီမံချက် ၏ အစိတ်အပိုင်းတစ်ခု ဖြစ်ပြီး ဒုက္ခသည်များ၏ ကိုယ်စားလှယ်များ၊ စခန်းများတွင် လုပ်ငန်းဆောင်ရွက်နေကြသည့် အစိုးရဌာန၊ အစိုးရ မဟုတ်သော အဖွဲ့အစည်း၊ လူထုအခြေပြုအဖွဲ့များနှင့် ကုလသမဂ္ဂ အပါအဝင် အဖွဲ့အစည်းများစွာနှင့် ထပ်မံဆွေးနွေးပြီးပါက နောက်ထပ် သတင်းအချက်အလက်များကို ဆက်လက် ရရှိစေမည် ဖြစ်ပါသည်။